မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
April 2 , 2026 Volume 101 , Number 2

| ၂. ၄. ၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၀.၆၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၈၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၂.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၄.၁၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၀.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၂ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြေပဲဆန်ဈေး စံချိန်တင် မြင့်တက်မှုနှင့်အတူ မြေပဲဆီနှင့် ပဲဖတ်ဈေးလည်း စံချိန်တင်မြင့်တက်လာ




မြေပဲဆန်ဈေးဆက်တိုက်မြင့်တက်လာမှုနှင့်အတူမြေပဲဆီဈေးနှုန်းနှင့် ပဲဖတ်ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာနေကြောင်း မြေပဲကုန်သည်များနှင့် မြေပဲဆီရောင်းဝယ်ရေးလုပ်ကိုင်သူများထံက သိရသည်။

နယ်အစုံမှ မြေပဲဆန် အထွက်နှုန်းလျော့ကျပြီး ရောင်းလိုအားနည်းချိန်တွင် ပြည်ပမှ ဝယ်လိုအားရှိခြင်း ပြည်တွင်းဆီစက်ပိုင်များက ဝယ်လိုအားရှိခြင်းနှင့် ပဲဖတ်ဈေးတက်လာခြင်းစသည့် အခြေအနေများကြောင့် ဈေးကွက်မှာ အတက်ဘက်တွင်သာ ရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် မြေပဲဆီတစ်ပိဿာလျှင် ဆုံကြိတ်ဆီ (၁၀ ပိဿာဝင်) တစ်ပုံးလျှင် ၂၉၀,၀၀၀ ကျပ်အထိဈေးနှုန်းရှိလာပြီး မြေပဲစက်ကြိတ်ဆီမှာ ၂၄၀,၀၀၀ ကျပ်မှ ၂၆၀,၀၀၀ ကျပ်အထိ ဈေးနှုန်းရှိနေကြောင်း သိရသည်။

"မြေပဲဆန်ကဝယ်ရခက်ပြီးဈေးကတက်နေတယ်။ထပ်တက်ဦးမယ်လို့လည်း သိရတယ်။ ဈေးတွေတက်တော့ ဆီရောင်းရတာ မကိုက်ဘူး။ ပဲဖတ်ဈေးက တက်နေလို့သာ တော်သေးတယ် ပြောရမယ်" ဟု မြေပဲဆီ ရောင်းချသူတစ်ဦးက ပြောသည်။

မြေပဲဆန်ဈေးနှုန်းများသည် မတ်လ ဒုတိယပတ်ခန့်မှစ၍ ဆက်တိုက်တက်လာ ခြင်းဖြစ်ပြီး ထိုနောက်ပိုင်းတွင် မြေပဲဆီဈေးသည်လည်း ၁၇၀,၀၀၀ ကျပ်ဝန်းကျင်မှ ဆက်တိုက် မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

အလားတူ ပဲဖတ်ဈေးမှာလည်း ၇,၀၀၀ ကျပ်ကျော်မှ ၈,၂၀၀ ကျပ်ခန့်အထိ မြင့်တက်လာခဲ့သည်။

"အဓိက ကုန်ကြမ်းတက်တော့ ကုန်ချောပါ လိုက်တက်တာပါ။ အခုတော့ မြေပဲက

အတက်ရပ်သွားတဲ့ အခြေအနေရှိပေမဲ့ ဆီဈေးကတော့ အမျိုးမျိုး ဖြစ်နေတုန်းပဲ။ မြေပဲဆန်၊ ပဲဖတ်၊ ဆီ အားလုံးက စံချိန်တင်ဈေးတွေပါပဲ" ဟု မြေပဲရောင်းဝယ်ရေး လုပ်ကိုင်သည့် ကုန်သည်တစ်ဦးကဆိုသည်။

မတ်လ ၃၀ ရက်နေ့က မန္တလေးကုန်စည်ဒိုင်တွင် မြေပဲ S1 လုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ၁၂,၅၀၀ ကျပ်မှ ၁၃,၂၀၀ ကျပ်၊ S1 ဆီဆန်(သစ်) မှာ ၁၁,၇၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်၊ အနီလုံးဆန်မှာ ၁၁,၅၀၀ ကျပ်မှ ၁၂,၂၀၀ ကျပ်၊ အနီဆီဆန်မှာ ၁၁,၂၀၀ ကျပ်မှ ၁၁,၅၀၀ ကျပ်၊ ပြန့်လုံးဆံမှာ ၁၂,၆၀၀ ကျပ်မှ ၁၂,၉၀၀ ကျပ်နှင့် ပြန့်ဆီဆန်မှာ ၁၁,၈၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ် အသီးသီး ရှိခဲ့သည်။

မြေပဲဆီမှာ တစ်ပိဿာလျှင် ၁၉,၀၀၀ ကျပ်အထိ ဈေးရှိနေပြီး ပဲဖတ်ဈေးမှာမူ တစ်ပိဿာလျှင် ၈,၁၀၀ ကျပ်မှ ၈,၂၀၀ ကျပ်အထိ ရှိနေသည်။

နှိုင်းယှဉ်ချက်အရ မတ်လ ၁ ရက်နေ့က မြေပဲ S1 လုံးဆန်(မြင်းမူ) မှာ ၉,၈၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်သာရှိခဲ့ပြီး မြေပဲဆီမှာ တစ်ပိဿာလျှင် ၁၅,၀၀၀ ကျပ်မှ ၁၅,၅၀၀ ကျပ်သာ ရှိခဲ့ကြောင်း ကုန်စည်ဒိုင် စာရင်းများအရ သိရသည်။

**Source :** https://htwettoe.com/

## ဓာတ်မြေဩဇာဝယ်ယူခြင်းအတွက် တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်ပြု



ဓာတ်မြေဩဇာတွေကို ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဝယ်ယူသုံးစွဲနိုင်ဖို့အတွက် တံဆိပ်ခေါင်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်တယ်လို့ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြေညာစာအမှတ် ၄၈ / ၂၀၂၆ နဲ့ ထုတ်ပြန်လိုက် ပါတယ်။

၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလတို့မှာ ဓာတ်မြေဩဇာတွေ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဝယ်ယူသုံးစွဲနိုင်ဖို့အတွက် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနဲ့ မြန်မာ့စီးပွားရေးဘဏ်တို့အကြား ချုပ်ဆိုခဲ့တဲ့စာချုပ်တွေအပေါ် ထိုက်သင့်တဲ့တံဆိပ်ခေါင်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်တာဖြစ်တယ်လို့ ဆိုပါ တယ်။

အလားတူ မြို့နယ်အဆင့် ဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းအဖွဲ့နဲ့ တောင်သူတွေအကြား ချုပ်ဆိုခဲ့တဲ့စာချုပ်တွေအပေါ်မှာလည်း ထိုက်သင့်တဲ့တံဆိပ်ခေါင်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်တယ်လို့ အဲဒီအမိန့် ကြေညာစာမှာ ဖော်ပြပါရှိပါတယ်။

Source : https://onenewstvchannel.com/

## ဝဥ ပြည်ပဈေးကွက် ဝယ်လိုအား လျော့မသွား



အာဟာရဓာတ်ကြွယ်ဝပြီး ကျန်းမာရေးအကျိုးပြုသည့် ဝဥသည် ပြည်တွင်းတွင် စားသုံးမှုနည်းပါးသော်လည်း ပြည်ပဈေးကွက်များတွင် ဝယ်လိုအားလျော့မသွားဘဲ ဆက်လက်တည်ရှိနေကြောင်း မြန်မာနိုင်ငံ ဝဥစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌမှပြောသည်။

ဝဥနှင့်ဆိုင်သော ကုန်ချောထုတ်လုပ်မှု၊ ရောင်းချမှု နည်းပညာဆွေးနွေးပွဲတွင်လည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝဥသည် ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် တစ်ဖြည်းဖြည်း လိုအပ်

ချက်မြင့်တက်လာနေသည့် စိုက်ပျိုးသီးနှံ တစ်မျိုးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝဥထုတ်ကုန်များကို ပြည်ပသို့ အဓိကတင်ပို့နေသောနိုင်ငံများမှာ တရုတ်နှင့် ဂျပန်တို့ဖြစ်ပြီး Semi ထုတ်ကုန်များဖြစ်သည့် ဝဥအခြောက်နှင့် ဝဥမှုန့်များကိုသာ တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ဝဥစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌက ပြောသည်။

“ကျွန်တော်တို့ကတော့ တရုတ်နဲ့ဂျပန် (၂)နိုင်ငံပဲ။ တခြားတော့မပို့ပါဘူး။ ကုန်ကြမ်းလည်း မဟုတ်ဘူး၊ ကုန်ချောလည်း မဟုတ်ဘူး။ ကျွန်တော်တို့က Semi လို့ပြောမှာပေါ့။ ဝဥအခြောက်ရယ်၊ ဝဥအမှုန့်ရယ်ပေါ့နော်၊ အဲဒီလိုမျိုးပို့တာ။ ပြည်ပ ဝယ်လိုအားကတော့ပုံမှန်ရှိနေပါတယ်"ဟုဎင်းကပြောသည်။

ပြည်တွင်းဈေးကွက်တွင် ဝဥကို စားသုံးမှု နည်းပါးနေပြီး လူဦးရေ ၁သောင်းတွင် ၁ ယောက်သာ စားသုံးမှုရှိသည့် အခြေနေဖြစ်နေပြီး တရုတ်နှင့်ဂျပန်တွင် လူတစ်ဦးကို တစ်နှစ်လျှင် ဝဥ (၂) ကီလိုဂရမ်ခန့်စားသုံးကြသည်ဟု ဎင်းကပြောသည်။

" ကျွန်တော်တို့ဆီမှာက အဲဒီလောက်မစား ဘူးပေါ့နော်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီမှာ မရောင်းရတာပေါ့။ လူတွေသာ စားလာရင်ကျွန်တော်တို့ကရောင်းရတာပေါ့။ပြည်တွင်းထက် ပြည်ပကဝယ်လိုအားကောင်းတယ်ဆိုတာက သူတို့ကစားတာကိုး ကျွန်တော်တို့ကစားမှမစားတာ"ဟုဎင်းကပြောသည်။

ထို့ကြောင့် ပြည်တွင်းတွင် ဝယ်လိုအား မမြင့်မားသော်လည်း ပြည်ပဈေးကွက်များတွင် ဝယ်လိုအားတည်ငြိမ်နေခြင်းကြောင့် ဝဥစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများသည် ပြည်ပဈေးကွက်ကို အဓိကထားဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် ဝဥထုတ်လုပ်သည့်စက်ရုံများသည် ရာသီကုန်ဆုံးသဖြင့် ယာယီပိတ်ထားပြီး စက်ရုံ များကို စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင်ပြန်လည်စတင်မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ပြည်တွင်း၌ထုတ်လုပ်သော ဝဥကုန်ချောအချို့ကို ဆူပါမားကက်များတွင် အနည်းငယ်ရောင်းချနေသော်လည်း ဝယ်လိုအားသည် စားသုံးသူပေါ်မူတည်နေကြောင်း သိရသည်။

Source : https://www.npnewsmm.com/

## သင်္ကြန်ကာလအတွင်းဝတ်ဆင်ရန် ရှမ်းရိုးရာချည်ထည် အော်ဒါမှာယူမှုများ




သင်္ကြန်ကာလအတွင်းဝတ်ဆင်ရန်အတွက် ရှမ်းတိုင်းရင်းသားရိုးရာချည်ထည်များ ရက်လုပ်ရန်ကြိုတင်မှာယူမှုများရှိနေကြောင်း မန္တလေးမြို့ခံရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများက ပြောပါတယ်။

ခနှ၊ပအိုဝ်းစသည့်တိုင်းရင်းသားများအပါအဝင်ရှမ်းရိုးရာချည်ထည်များကို အမရပူရမြို့နယ်ရှိ ရက်ကန်းရုံများက အဓိကရက်လုပ်ပေးနေခြင်းဖြစ်ပြီး သင်္ကြန်ကာလအတွင်းဝတ်ဆင်ရန် မှာယူလာခြင်းဖြစ်ကြောင်း အမရပူရမြို့နယ်မှ စက်ရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

လက်ရှိတွင် ရှမ်းတိုင်းရင်းသားရိုးရာချည်ထည်များကို မူဆယ်၊ လားရှိုး၊ ကျောက်မဲ၊ သီပေါစသည့်မြို့နယ်များမှ အများဆုံးမှာယူကြကြောင်း သိရပါတယ်။

အဆိုပါ ရိုးရာချည်ထည်များကို အစုအဖွဲ့အလိုက် အထည်ရေ ရာနှင့်ချီကာ အများဆုံးမှာယူကြပြီး လက်ရှိ အချိန်ရက်ကန်းရုံတိုင်းနီးပါးတွင် အော်ဒါမှာယူမှုများ ရရှိနေတယ်လို့ ဆိုပါတယ်။

Source : https://opinionleadersmedia.com/

## ထိုင်ဝမ်ဆီးသီးများ ဖြိုင်ဖြိုင်ထွက်ပေါ်



ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြသော်လည်း ဒေသခံတောင်သူများသည် နှစ်ရှည်သီးနှံဖြစ်သော ဆီးပင်စိုက်ပျိုးခြင်းလုပ်ငန်းကိုလည်း ယာမြေနှင့်ဥယျာဉ်ခြံမြေများတွင် အများအပြားစိုက်ပျိုးလာကြကြောင်း၊ ဆီးသီးသည် ရာသီစာဖြစ်၍ တစ်နှစ်ပတ်လုံးစားခွင့်မရှိဘဲ တစ်နှစ်တွင် တစ်ခါသာစားသုံးခွင့်ရှိသော သီးနှံတစ်မျိုးလည်းဖြစ်ကြောင်း၊ ဆီးပင်စိုက်ပျိုးရာတွင် ကိုင်းကူးပျိုးပင်များကိုသာ အများဆုံးစိုက်ပျိုးကြပြီး အလုံးကြီးပြီး အရည်အသွေးကောင်းမွန်၍ အရသာရှိသော ထိုင်ဝမ်ဆီးသီးမျိုးများကိုသာ အများဆုံးစိုက်ပျိုးလာကြကြောင်း၊ ဆီးပင်စိုက်ပျိုးရာတွင် တစ်ပင်နှင့် တစ်ပင် ၁၅ပေခြား စိုက်ပျိုးကြကြောင်း၊ တစ်ဧက ပျိုးပင် ၁၀၀ စိုက်ပျိုးရပြီး စတင်စိုက်ပျိုးသည့် အချိန်မှ (၂-၃)နှစ်ခန့်အကြာတွင် ဆီးသီးများ စတင်ခူးဆွတ်ရကြောင်း၊ ယခုဖြိုင်ဖြိုင်ထွက်ပေါ်ချိန်တွင် ဖောက်သည်ဈေးအနေဖြင့် ဆီးသီး (၁)ပြည်လျှင် အလုံးအကြီးအသေးပေါ်မူတည်၍ ၂၅၀၀-၃၀၀၀ကျပ်၊ လက်လီဈေးနှုန်းအနေဖြင့် ထိုင်ဝမ်ဆီးသီး ၁ ပြည်လျှင် အလုံးအကြီးအသေးပေါ်မူတည်၍ ၃၀၀၀-၃၅၀၀ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း၊ စတင်ထွက်ပေါ်သည့်အချိန်တွင် တစ်ပတ်ခူးဆွတ်မှုအနေဖြင့် ၁၀ ပြည်ပါ ၂၅ ဖာ အထိရရှိပြီး ဖြိုင်ဖြိုင်ထွက်ပေါ်ချိန်တွင် တစ်ပတ်ခူးဆွတ်မှုအနေဖြင့် ၁၀ ပြည်ပါ ၄၀ ဖာ ထိရရှိပြီး ယိုစုံလုပ်ငန်းရှင်များမှလည်း ဆီးခြံအထိ လာရောက်၍ဝယ်ယူလျက်ရှိကြောင်း၊ ဆီးသီးစိုက်တောင်သူများမှာလည်း ရန်ကုန်-မန္တလေးလမ်းဘေး များတွင်လည်းကိုယ်တိုင်ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင်မိုးရွာသွန်းမှုကောင်းမွန်သောကြောင့် ထိုင်ဝမ်ဆီးသီးများမှာ အရည်အသွေးလှ၍ အလုံးကြီးပြီး အထွက်နှုန်းကောင်းမွန်သည့်အပြင် ယခုဖြိုင်ဖြိုင်ထွက်ပေါ်သည့် အချိန်တွင်လည်း ဈေးကွက်တွင် ဈေးနှုန်းအနည်းငယ်ကျသော်လည်း အရောင်းသွက်၍ ဈေးကောင်းရရှိပြီး အကျိုးအမြတ်အနေဖြင့် အထွက်နှုန်းနှင့် ဈေးနှုန်းအပေါ်မူတည်ပြီး ရာသီအစမှ ရာသီကုန်အထိ ၅,၀၀၀,၀၀၀-၆,၀၀၀,၀၀၀ ကျပ်ခန့် အကျိုးအမြတ်ရရှိကြောင်းကို ဆီးသီးစိုက်ပျိုးသော တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

## ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ကင်းမွန်နှင့်ရေဘဝဲ တင်ပို့မှုအားကောင်းခဲ့သည့် ဗီယက်နမ်




ဗီယက်နမ်နိုင်ငံ၏ ကင်းမွန်နှင့် ရေဘဝဲပို့ကုန်တန်ဖိုးသည် ၂၀၂၆ ခုနှစ် ပထမ ၂ လအတွင်း အမေရိကန်ဒေါ်လာ ၁၁၁ သန်းကျော်ရရှိခဲ့ပြီး ယခင်နှစ်တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

၎င်းသည် ဤကဏ္ဍအတွက် ကောင်းမွန်သည့် စတင်မှုတစ်ခုဖြစ်သကဲ့သို့ များစွာသောဈေးကွက်များတွင်ဝယ်လိုအားပြန်လည်မြင့်တက်လာနေသည်ကိုလည်း ဖော်ပြနေကြောင်း သိရသည်။

ထုတ်ကုန်ဖွဲ့စည်းပုံအရ ကင်းမွန်များသည် ကြီးထွားမှု၏အဓိကမောင်းနှင်အားအဖြစ် ပေါ်ထွန်းလာကြောင်း သိရသည်။

ဗီယက်နမ်သည် ကင်းမွန်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်ရရှိကာ ၃၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ပြီး ရေဘဝဲတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၇ သန်းကျော်ဖြင့် ၁၆ ရာခိုင်နှုန်း ကျော်မြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုတိုးတက်မှုအရ ရေတိုကာလအတွင်း ကင်းမွန်ထုတ်ကုန်များအတွက် ဝယ်လိုအားပြန်လည်နာလန်ထူမှု မြန်ဆန်နေသည်ကို ပြသနေကြောင်း သိရသည်။

ဈေးကွက်အလိုက်ဆိုပါက အာရှဒေသသည် တိုးတက်မှုအတွက် အဓိကမောင်းနှင်အားအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

တောင်ကိုရီးယားသည် ဒေါ်လာ ၄၂ သန်းနီးပါးဖြင့် အကြီးမားဆုံးတင်သွင်းသူအဖြစ် ရပ်တည်နေပြီး ၂၃ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။

၎င်း၏နောက်တွင် ဂျပန်နိုင်ငံသည် ဒေါ်လာ ၂၆ သန်းနီးပါးဖြင့် ၈ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၈၅ ရာခိုင်နှုန်းကျော်နှင့် ထိုင်းနိုင်ငံသို့ တင်ပို့မှုမှာ ၄၁ ရာခိုင်နှုန်းကျော် အသီးသီးမြင့်တက်လာခဲ့ခြင်းကြောင့် ဒေသတွင်းဝယ်လိုအား တိုးတက်လာနေမှုကို ထင်ရှားစွာ မြင်တွေ့နိုင်ကြောင်း သိရသည်။

သို့သော် ဥရောပသမဂ္ဂသို့ တင်ပို့မှုမှာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တိုးတက်ကောင်းမွန်သော အခြေအနေများရှိနေသော်လည်း စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသရှိ တင်းမာမှုများကြောင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် မြင့်တက်နိုင်ခြင်းနှင့် ပို့ဆောင်ချိန်ကြာရှည်နိုင်ခြင်းတို့ ဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့ပြင် လောင်စာဆီဈေးနှုန်း မြင့်မားနေခြင်းကြောင့် ငါးဖမ်းလုပ်ငန်း၏ ကုန်ကျစရိတ်များ တိုးလာကာ ငါးဖမ်းသမားများနှင့် ကုန်ကြမ်းထောက်ပံ့မှုအပေါ် ဖိအားများဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းကုန်ကြမ်း ထောက်ပံ့မှု မတည်ငြိမ်မှုများကြောင့်လည်း ပို့ကုန်မှာယူမှုများကို ပြည့်မီစေရန် အခက်အခဲများရှိနေကြောင်း သိရသည်။

ထို့ပြင် ဥရောပသမဂ္ဂမှ ချမှတ်ထားသော တရားမဝင်သော၊ အစီရင်မခံထားသောနှင့် စည်းကမ်းမလိုက်နာသော ငါးဖမ်းမှု (IUU) နှင့်ပတ်သက်သည့် “အဝါကတ်”သတိပေးချက်သည် လုပ်ငန်းနယ်ပယ်၏ ဂုဏ်သိက္ခာနှင့် ဈေးကွက်တိုးချဲ့မှုအပေါ် အဓိကအတားအဆီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

ထိုအခြေအနေတွင် စီးပွားရေးလုပ်ငန်းများအား ကုန်ကျစရိတ်ပြောင်းလဲမှုများကို လိုက်လျောညီထွေပြောင်းလဲရန်၊ ကုန်ကြမ်းရင်းမြစ်များမျိုးစုံချဲ့ထွင်ရန်နှင့် အာရှဈေးကွက်များတွင် ရှိနေသောအခွင့်အလမ်းများကို ထိရောက်စွာအသုံးချရန် အကြံပြုထားကြောင်း သိရသည်။

**Source : Vietnam Plus**

**DOCA (ရန်ကုန်)**

## ပါကစ္စတန်နိုင်ငံ၏ ဖေဖော်ဝါရီလအတွင်း ဆန်တင်ပို့မှု ၃၅ ရာခိုင်နှုန်းကျဆင်း



ပါကစ္စတန်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ဖေဖော်ဝါရီလအတွင်း ၃၅ ဒသမ ၃၈ ရာခိုင်နှုန်းအထိ သိသိသာသာ ထိုးဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါကဏ္ဍကို ပံ့ပိုးရန်ရည်ရွယ်သည့် အစိုးရ၏ထောက်ပံ့ကြေးများ ရှိနေသော်လည်း ယခုကဲ့သို့ ကျဆင်းသွားခြင်းဖြစ်ရာ အဆိုပါ အထောက်အပံ့ပေးရေး အစီအစဉ်၏ ထိရောက်မှုအပေါ် တင်ပို့သူများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်စေခဲ့ကြောင်း သိရသည်။

အစိုးရသည် ဆန်ကြမ်းများအတွက် ဒေသန္တရအခွန် ၃ ရာခိုင်နှုန်းနှင့် ဘာစမာတီဆန်တင်ပို့မှုအတွက် ၉ ရာခိုင်နှုန်း အခွန်ပြန်အမ်းငွေများ သတ်မှတ်ပေးခဲ့ပြီး ပြန်အမ်းငွေများအတွက် ရူပီး ၁၅ ဘီလီယံခန့် လျာထားခဲ့ကြောင်း သိရသည်။

သို့သော်လည်း အဆိုပါ မက်လုံးများကြောင့် ပြည်တွင်းဈေးနှုန်းများ ပိုမိုမြင့်တက်လာစေပြီး ပါကစ္စတန်ဆန်ကို နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းလျော့နည်းသွားစေကြောင်း တင်ပို့သူများ၏ ပြောကြားချက်အရ သိရသည်။

ပါကစ္စတန် စာရင်းအင်းဗျူရို၏ အချက်အလက်များအရ ဖေဖော်ဝါရီလအတွင်း ဘာစမာတီဆန် တင်ပို့မှုသည် တန်ဖိုးအားဖြင့် ၁၉ ဒသမ ၂၁ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၂၇ ဒသမ၉၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ဆန်ကြမ်းတင်ပို့မှုမှာ ပိုမိုဆိုးဝါးစွာကျဆင်းခဲ့ပြီး တန်ဖိုးအားဖြင့် ၄၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၃၂ ဒသမ ၉၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးနှုန်းမြင့်တက်မှုနှင့် ကုန်လျောင်မှုများကြောင့် ကမ္ဘာ့ဈေးကွက်တွင် ပါကစ္စတန်နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းသွားရခြင်းဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးထုတ်လုပ်မှု အားနည်းနေခြင်းနှင့် တောင်သူများရင်ဆိုင်နေရသော ထုတ်လုပ်မှုစရိတ် မြင့်မားနေခြင်းတို့ကို တင်ပို့မှုအဆင့်တွင် ပေးအပ်သည့် ထောက်ပံ့ကြေးများဖြင့် အစားထိုး၍မရနိုင်ကြောင်း လုပ်ငန်းကဏ္ဍအစုအဖွဲ့များကလည်း ငြင်းခုံဆွေးနွေးလျက်ရှိသည်။

ရေရှည်တည်တံ့သော ပို့ကုန်တိုးတက်မှု ရရှိရန်အတွက် မျိုးစေ့အရည်အသွေး ကောင်းမွန်စေခြင်း၊ ထိရောက်သော ရေသွင်းစနစ်နှင့် မြေဩဇာ၊ စွမ်းအင်နှင့်အခြားစိုက်ပျိုးရေး သွင်းအားစုစရိတ်များကို လျှော့ချပေးခြင်းအပါအဝင် လယ်ယာကုန်ထုတ်စွမ်းအား မြှင့်တင်ရန်လိုအပ်ကြောင်း ၎င်းတို့က အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဖွဲ့စည်းပုံဆိုင်ရာ ပြဿနာများကို မဖြေရှင်းနိုင်ပါက ငွေကြေးဆိုင်ရာ မက်လုံးများပေးရုံမျှဖြင့် ဆန်တင်ပို့မှုမြှင့်တင်ရေးတွင် အကန့်အသတ်ဖြင့်သာ အကျိုးသက်ရောက်မှုရှိလိမ့်မည်ဟု တင်ပို့သူများ၏ ပြောကြားချက်အရ သိရသည်။

**Source: Propakistani**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (2.4.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,773 (Shares) | 144,138,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | -1,500 | -10.00% | 14,500 | 14,500 | 13,500 | 402 | 5,549,000 | 33,109,694 | 446,981 |
| MTSH | 00002 | 6,200 | +0 | +0.00% | 6,200 | 6,200 | 6,100 | 8,370 | 51,884,000 | 38,929,150 | 241,361 |
| MCB | 00003 | 9,200 | -400 | -4.17% | 9,200 | 9,200 | 9,200 | 3 | 27,600 | 10,400,986 | 95,689 |
| FPB | 00004 | 4,300 | -100 | -2.27% | 4,300 | 4,500 | 4,200 | 19,320 | 83,075,200 | 29,664,613 | 127,558 |
| TMH | 00005 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 0 | 0 | 12,823,224 | 43,599 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 1,400 | 2,532,500 | 19,977,223 | 36,958 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,900 | 0 | 0 | 10,497,598 | 40,941 |
| MAEX | 00008 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,850 | 278 | 1,070,300 | 23,804,946 | 91,649 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 31st Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 596.30 | -28.95 | -4.63% | 616.06 | 617.00 | 592.14 | 29,773 | 144,138,600 | 8 | 1,124,736 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 31st Mar. 2026

| Trading Volume | Trading Value |
|---|---|
| 29,846 (Shares) | 144,379,550 (MMK) |

### Main Board

As of 1:00 pm, 31st Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,773 (Shares) | 144,138,600 (MMK) |

| MYANPIX | 596.30 ▼ 28.95 |
|---|---|
| Total Volume (shares) | 29,773 |
| Total Value (MMK) | 144 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,124,736 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 1,500 |
| MTSH | 00002 | 6,200 | ▲ 0 |
| MCB | 00003 | 9,200 | ▼ 400 |
| FPB | 00004 | 4,300 | ▼ 100 |
| TMH | 00005 | 3,400 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,850 | ▲ 50 |